ကပြင်ရပ်ဝန်း
ISP Insight Email
ISP Series
အတွဲ-၂၊ အမှတ်-၃ • ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၀၂၄ ခုနှစ်

# နေပြည်တော်လိုဂျီ-၄
## စစ်ကောင်စီ၏ ပြောင်းချည်ပြင်ချည် အုပ်ချုပ်ရေးယန္တရား

သုံးနှစ်အတွင်း အုပ်ချုပ်ရေးထိပ်ပိုင်း၌ လူပေါင်း ၁၅၂ ဦးကို ခန့်အပ်၊ ထုတ်ပယ်၊ နေရာရွှေ့ခဲ့သည်။
ဤအခြေအနေက အာဖရိက အာဏာရှင်နိုင်ငံတချို့နှင့် နှိုင်းယှဉ်လေ့လာစရာ ဖြစ်သည်။


စစ်ကောင်စီဥက္ကဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ၎င်း၏ အစိုးရအဖွဲ့ဝင်များအား နိုင်ငံတကာသံတမန်အချို့နှင့်အတူ ၂၀၂၃ ခုနှစ် NCA ရှစ်နှစ်ပြည့်အခမ်းအနားတွင် တွေ့ရစဉ်။

STRAFP

## အယ်ဒီတာမှတ်စု

**EDITOR'S NOTE**

ဒီတပတ်မှာတော့ နေပြည်တော်လိုဂျီ (Naypyitawlogy) ဆွေးနွေးမှု တစိတ်တပိုင်းအနေနဲ့ စစ်ကောင်စီရဲ့ အုပ်ချုပ်ရေးစနစ်အကြောင်း တင်ပြထားပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာရပ်မှာ အာဏာရှင်အစိုးရတွေရဲ့တည်ငြိမ်မှုနဲ့ အုပ်ချုပ်မှုစွမ်းရည်ကို တွဲဖက်လေ့လာတာရှိပါတယ်။ အထူးသဖြင့် အစိုးရဝန်ကြီးအဖွဲ့အရွယ်အစား၊ ဘယ်လောက်ကြာကြာ ခန့်ထားတည်မြဲကြသလဲဆိုတာကို ကြည့်ကြတာပါ။ အာဏာရှင်တွေပေါ်တဲ့ အာဖရိကတိုက်ဟာ ဒီကိစ္စအတွက် လေ့လာဖို့ အကောင်းဆုံး နယ်ပယ်တရပ် ဖြစ်ပါတယ်။ စစ်ကောင်စီကိုလည်း အာဖရိက အာဏာရှင်နိုင်ငံတချို့နဲ့ နှိုင်းယှဉ်လေ့လာစရာပါပဲ။

အခုထက်ထိ စစ်ကောင်စီရဲ့ဖွဲ့စည်းပုံ မငြိမ်သေးပါဘူး။ လူပြောင်း၊ ခန့်အပ်၊ ဖြုတ်ပယ်တာတွေ အကြိမ်ကြိမ် ရှိခဲ့ပါတယ်။ အခုဆိုရင် စစ်ခေါင်းဆောင်ဟာ သူ့ရဲ့ကောင်စီဝင်တွေနဲ့ အုပ်ချုပ်ရေးယန္တရားထဲမှာ ပါဝင်သူတွေကို အပြောင်းအလဲတွေ လုပ်ခဲ့တာ ၁၅၂ ဦး (ကောင်စီဝင်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးမှသည် ပြည်နယ်နှင့်တိုင်း ဝန်ကြီးချုပ်အဆင့်အထိ) ရှိနေပါပြီ။ အချိန်သုံးနှစ်သာ ကြာလာတယ်၊ နေရာချထားတာဝန်ခွဲတဲ့ကိစ္စမှာတောင် ဂဏန်းငြိမ်ပုံမရပါဘူး။

စောင့်ကြည့်ရမည့်ဖြစ်စဉ်များ (Trends to watch) ကဏ္ဍမှာ ‘ထိုင်းနိုင်ငံက ဦးဆောင်တဲ့ လူသားချင်းစာနာမှု အကူအညီဟာ ဘယ်လောက်အလုပ်ဖြစ်နိုင်မလဲ’ဆိုတာကို ဆန်းစစ်ထားပါတယ်။ ထိုင်းအစိုးရရဲ့ ဒုတိယ ဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်တဲ့ ပန်ပရီက ထိုင်းနိုင်ငံအနေနဲ့ အိမ်နီးချင်းဖြစ်တဲ့အလျောက် မြန်မာနိုင်ငံရဲ့ လူသားဆိုင်ရာလုံခြုံမှုကို ဦးစားပေးကူညီချင်တယ်၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ တိုးတက်ပေးနိုင်ဖို့နဲ့ လူထုရဲ့ ထိခိုက်နစ်နာ ခံစားနေရမှုတွေကို လျှော့ချပေးရေး အဓိက ကြိုးပမ်းသွားမယ်၊ လူသားချင်းစာနာမှုဆိုင်ရာ သံတမန်ရေး (humanitarian diplomacy) ကို တိုးမြှင့်သွားမယ်လို့ ဆိုခဲ့ပါတယ်။ နှစ်နိုင်ငံ အစိုးရချင်း ညှိနှိုင်းလုပ်ဆောင်မှာ ဖြစ်ပြီး နှစ်နိုင်ငံ ကြက်ခြေနီအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ဆိုပါတယ်။

‘နယ်ခြားဒေသ မှန်ပြောင်းများ- နယ်နိမိတ်စည်းများ၏အလွန်’ (The Borderlens: Beyond the Lines) ဆိုတဲ့ ဝက်ဘ်ဆိုက်တခုကိုလည်း မိတ်ဆက်ထားပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ မဏိပူရ၊ မီဇိုရမ်နယ်စပ်က ထူးခြားဖြစ်စဉ်တွေအပါအဝင် တလောက ထွက်ပြေးတဲ့ စစ်သားတွေကို သွားခေါ်တဲ့ မြန်မာ့လေယာဉ် ခါးကျိုးပျက်ယွင်းတဲ့ကိစ္စတွေ၊ ရှမ်းပြည်မြောက်ပိုင်းက တိုက်ပွဲသတင်းတွေပါ စုံစုံလင်လင် ဖော်ပြဆွေးနွေးထားတာ တွေ့ရပါတယ်။ ■

သတိပြုစရာ အကြောင်းအချက်

KEY TAKEAWAY

# နေပြည်တော်လိုဂျီ - ၄
# စစ်ကောင်စီ၏ ပြောင်းချည်ပြင်ချည် အုပ်ချုပ်ရေးယန္တရား

သုံးနှစ်အတွင်း အုပ်ချုပ်ရေးထိပ်ပိုင်း၌ လူပေါင်း ၁၅၂ ဦးကို ခန့်အပ်၊ ထုတ်ပယ်၊ နေရာရွှေ့ခဲ့သည်။
ဤအခြေအနေက အာဖရိက အာဏာရှင်နိုင်ငံတချို့နှင့် နှိုင်းယှဉ်လေ့လာစရာ ဖြစ်သည်။

---

အာဏာသိမ်း သုံးနှစ်ပြည့်ချိန်မှာ စစ်ကောင်စီနဲ့ အစိုးရအဖွဲ့အတွင်း ဝန်ကြီးတွေနေရာချမှု ဂဏန်းမငြိမ်လှပါဘူး။ ကောင်စီဖွဲ့စည်းပုံအပါအဝင် ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတွေကို အကြိမ်ကြိမ် ပြောင်းချည်ပြင်ချည်လုပ်ခဲ့ပါတယ်။ ဦးသိန်းစိန်အစိုးရနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက်ကလုပ်ခဲ့ကြတဲ့ ပြောင်းလဲပြင်ဆင်မှုတွေထက် ပိုများတာကြောင့် စံချိန်တင်တယ်လို့ ဆိုရပါမယ်။ ဒါကြောင့် ဒီတပတ်မှာ နေပြည်တော်လိုဂျီ-၄ အဖြစ် 'စစ်ကောင်စီ၏ ပြောင်းချည်ပြင်ချည် အုပ်ချုပ်ရေးယန္တရား' တည်ဆောက်ပုံအကြောင်းကို တစိတ်တပိုင်းဖော်ပြပါမယ်။ စစ်ကောင်စီရဲ့ မတည်ငြိမ်မှုနဲ့ အပြောင်းအလဲတွေဟာ အာဖရိက အာဏာရှင်နိုင်ငံတချို့နဲ့ နှိုင်းယှဉ်လေ့လာစရာလည်း ဖြစ်ပါတယ်။

စစ်ကောင်စီအုပ်ချုပ်ရေးလို့ဆိုရာမှာ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်သလဲ (decision-making)၊ ဥပဒေစည်းမျဉ်းတွေကို ဘယ်လိုပြဋ္ဌာန်းသလဲ (rule setting) နဲ့ ဥပဒေစည်းကြပ်ရေးအစီအစဉ် (enforcement mechanism) တွေကို လေ့လာနိုင်ပါတယ်။ ဒါမှပဲ ဥပဒေစိုးမိုးရေးနဲ့ ရည်မှန်းချက်တွေ ဘယ်လို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်သလဲ၊ နိုင်ငံ့ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဘယ်လိုဖြေရှင်း ဖြည့်ဆည်းနိုင်သလဲ ဆိုတာကို သိနိုင်မှာပါ။ ၂၀၂၁ ခုနှစ် အာဏာသိမ်းချိန်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာထိန်းခြင်းဖြစ်တယ်လို့ စစ်ခေါင်းဆောင်က ပြောခဲ့သလို လွတ်လပ်တဲ့ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ကတိပြုခဲ့ပါတယ်။ ရှေ့လုပ်ငန်းစဉ်ငါးရပ်ကိုလည်း ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲမဲစာရင်းစစ်ဆေးရေး၊ ကိုဗစ်-၁၉ ကပ်ဘေး ကာကွယ်ရေး၊ စီးပွားရေး ပြန်လည်နာလန်ထူစေရေး၊ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) သဘောတူညီချက်တွေကို ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ရေးနဲ့ ရွေးကောက်ပွဲကျင်းပရေးကိစ္စတွေကို ဖော်ပြခဲ့ပါတယ်။ အာဏာသိမ်း နှစ်နှစ်ပြည့်ချိန် ၂၀၂၃ ခုနှစ်မှာတော့ ရှေ့လုပ်ငန်းစဉ် ငါးရပ်ကို ပြောင်းလဲပါတယ်။ နိုင်ငံတည်ငြိမ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးတွေက ဦးစားပေးဖြစ်လာပါတယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာ နောက်တခါ ပြောင်းပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ဆိုတာကို ရှေ့တန်း

တင်ခဲ့ပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲကျင်းပမယ့်အချိန်ကို အခုထိ ကတိကဝတ်ပြု ပြောဆိုနိုင်တာမရှိသေးပါဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနှစ် အာဏာယူခဲ့ပြီး နောက်ပိုင်း ပေးထားတဲ့ကတိတွေ အကောင်အထည်မပေါ်ခဲ့တာကြောင့် 'ပုံမှန်မဟုတ်သည့် အခြေအနေ'ဆိုတဲ့ ဖွင့်ဆိုချက်နဲ့ စစ်ကောင်စီကို ခြောက်လချင်း သက်တမ်းတိုးခဲ့တာ ငါးကြိမ်ရှိခဲ့ပါပြီ။

အာဏာသိမ်းပြီး စစ်ကောင်စီကို ဖွဲ့စည်းတဲ့အခါ ကောင်စီဝင်ထဲမှာ တပ်မတော်သားတဝက်၊ အရပ်ဘက် လူပုဂ္ဂိုလ်တဝက် ပုံဖော်ခဲ့ပါတယ်။[၁] ဒါပေမဲ့ စုဖွဲ့ပုံက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဆန့်ကျင်ရေး (anti-NLD) အင်အားစုတွေစုထားပုံနဲ့ ပိုတူပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအကြို NLD အစိုးရရဲ့လုပ်ဆောင်မှုတွေကို မကျေလည်ဘဲ ရွေးကောက်ပွဲမတိုင်ခင် စစ်ခေါင်းဆောင်နဲ့တွေ့ခဲ့တဲ့ နိုင်ငံရေးပါတီ ၃၄ ပါတီထဲက ခေါင်းဆောင်တချို့လည်း အာဏာသိမ်းပြီးနောက်မှာ ကောင်စီဝင်တွေဖြစ်ခဲ့ပါတယ်။ ကောင်စီဆုံးဖြတ်ချက်တွေကို စစ်ခေါင်းဆောင်ကပဲ ချုပ်ကိုင်ထားမှာ သေချာသလောက်ရှိပေမဲ့ အနည်းဆုံးတော့ စုပေါင်းဦးဆောင်မှုကို တစုံတရာပုံဖော်ချင်တယ်လို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ သုံးနှစ်အတွင်း စစ်ကောင်စီကို ပြင်ဆင်ဖွဲ့စည်းတာ လေးကြိမ်ရှိခဲ့ပါတယ်။ နေရာအပြောင်းအလဲ ၂၂ ကြိမ်နဲ့ အနားပေးခံရသူ ၁၅ ဦးအထိ ရှိခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှာ ၁၁ ဦးနဲ့ စတင်ဖွဲ့စည်းပါတယ်။ စစ်ဘက်က ရှစ်ဦးနဲ့ အရပ်ဘက်က သုံးဦး ပါဝင်ပါတယ်။ တရက်အကြာမှာ အရပ်ဘက် ငါးဦး၊ နောက်ထပ် တလကျော်အတွင်းမှာ အရပ်ဘက် နှစ်ဦးနဲ့ ဒုတိယဗိုလ်ချုပ်ကြီး တဦးတို့ကို ထပ်တိုးပြီး စုစုပေါင်း ၁၉ ဦး ဖြစ်လာပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှာ ဒုတိယဗိုလ်ချုပ်ကြီး တဦးကို ထပ်တိုးခန့်အပ်တာကြောင့် စုစုပေါင်း ၂၀ ဦး ဖြစ်ခဲ့ပါတယ်။ စစ်ဘက်က ၁၀ ဦးနဲ့ အရပ်ဘက်က ၁၀ ဦးစီ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်မှာတော့ တနှစ်ထဲ သုံးကြိမ်အထိ အပြောင်းအလဲလုပ်ခဲ့ပါတယ်။ ပထမအကြိမ် ပြောင်းလဲမှုမှာ စစ်ခေါင်းဆောင်နဲ့ သဘောထားကွဲခဲ့တဲ့ ကောင်စီဝင် အရပ်ဘက် နိုင်ငံရေးသမားတချို့ကို အနားပေးပြီး လူသစ်တွေနဲ့အစားထိုးတာ ဖြစ်ပါတယ်။ ဒုတိယအကြိမ်မှာလည်း ကောင်စီဝင် အရပ်သားတွေကို ထပ်မံအနားပေးပါတယ်။ တတိယအကြိမ်အပြောင်း

[၁] ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြုလုပ်သော စစ်ကောင်စီအစည်းအဝေး (၁/၂၀၂၄) တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က 'လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံရေးအရ ဦးဆောင်မှုပေးရန် ဖြစ်ကြောင်း၊ ထို့သို့ ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း တပ်မတော်မှ တာဝန်အရှိဆုံးပုဂ္ဂိုလ်များ၊ တိုင်းရင်းသားဒေသများမှ ကိုယ်စားလှယ် ခေါင်းဆောင်များကို ထည့်သွင်းဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်နိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်းရှိသူများကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း' ပြောကြားခဲ့သည်။

- အလဲက စစ်ခေါင်းဆောင်ရဲ့ လူယုံတော် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးနှစ်ဦး လာဘ်စားလို့ ဖယ်ရှားပြီး နောက်ထပ် စစ်ဘက်က နှစ်ဦးနဲ့ အစားထိုးတာဖြစ်ပါတယ်။ အခုနောက်ဆုံး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ သက်တမ်းတိုးချိန်မှာ လူပြောင်းလူလဲ မရှိခဲ့ပါဘူး။ ဒီသုံးနှစ်အတွင်း စစ်ကောင်စီထဲမှာ ပါဝင်ခဲ့သူ ၃၃ ဦးရှိပါတယ်။ အဲဒီထဲမှာ ရှစ်ဦးကပဲ စတင်ချိန်ကနေ အခုအချိန်အထိ တသမတ်တည်း ပါဝင်ခဲ့ပါတယ်။ အရပ်ဘက်ကပါခဲ့သူတွေထဲ မန်းငြိမ်းမောင်နဲ့ ဦးရွှေကြိမ်းတို့ပဲ နေရာမြဲတာတွေ့ရပါတယ်။[၂] ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်ကောင်စီ အပြောင်းအလဲပြုလုပ်ချိန် အနားပေးခံခဲ့ရတဲ့ အရပ်သားတချို့ဟာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသစ်ကိစ္စမှာ စစ်ခေါင်းဆောင်နဲ့ သဘောကွဲကြရာကနေ အနားပေးခံရတာပါ။ သူတို့ကို အကြံပေးဆိုပြီး ဆက်ခန့်ခဲ့ပေမဲ့ ရုံးမရှိ၊ ဌာနလက်ကိုင်မရှိပါဘူး။ သဘောကွဲခဲ့တဲ့ အရပ်သားနိုင်ငံရေးသမားတွေကို ကောင်စီအတွင်းကနေ အနားပေးပြီးတဲ့နောက် တနှစ်နီးပါးကြာချိန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်လျှော့ပေါ့မှုတွေလုပ်ခဲ့ပါတယ်။[၃] အဲဒီဥပဒေဟာ စစ်ကောင်စီလက်ထက် ရွေးကောက်ပွဲဝင်ဖို့ပြင်ဆင်နေတဲ့ နိုင်ငံရေးပါတီတွေကို အသက်ရှူကျပ်စေခဲ့တာမို့ ပြန်ပြင်ခဲ့ပုံပါပဲ။ ဒါပေမဲ့ စစ်ခေါင်းဆောင်က အကြောင်းပြချက်တစုံတရာ မပေးခဲ့ပါဘူး။

စစ်ခေါင်းဆောင်ဟာ သုံးနှစ်အတွင်း စစ်ကောင်စီကို လေးကြိမ်ပြင်ဆင်ဖွဲ့စည်းခဲ့သလို အစိုးရအဖွဲ့တခုလုံးကို ပြင်ဆင်မှုခြောက်ကြိမ် (ခန့်အပ်၊ ဖယ်ရှား၊ နေရာအရွှေ့အပြောင်းပြုလုပ်မှု ၅၆ ခါနှင့် လူပုဂ္ဂိုလ် ၅၄ ဦး) ရှိခဲ့ပါတယ်။ စစ်ကောင်စီရဲ့ ပြောင်းချည်ပြင်ချည် အုပ်ချုပ်ရေးယန္တရားတခုလုံးမှာ ပါဝင်သူ (ကောင်စီဝင်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးမှသည် ပြည်နယ်နှင့်တိုင်း ဝန်ကြီးချုပ်အဆင့်အထိ) ၁၅၂ ဦး ရှိနေပါပြီ။

---


[၂] သုံးနှစ်တာအတွင်း စစ်ကောင်စီဝင်အဖြစ်မှ ဖယ်ရှားလဲလှယ်ခံရသူများထဲတွင် စစ်ဘက်မှသုံးဦးနှင့် အရပ်ဘက်မှ ၁၂ ဦး ပါဝင်သည်။ စစ်ဘက်မှသုံးဦးထဲတွင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် (ယခင် ကာကွယ်ရေးဦးစီးချုပ်-လေ) ကို ဦးစွာ ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ကျန်နှစ်ဦးဖြစ်သော (တပ်မတော်၌ ရာထူးစဉ် အဆင့်-၆ ရှိသူ) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း (DSA-30) နှင့် ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် (OTS-64) တို့ကို 'ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကိုယ်ကျိုးစီးပွားပြုလုပ်ခြင်း'ကြောင့် ထုတ်ပယ်ခြင်းဟု စစ်ခေါင်းဆောင်ကပြောခဲ့သည်။ အရပ်ဘက်မှ ဖယ်ရှားခံခဲ့ရသူများမှာ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ စိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ပူဂင့်ကမ်းလျန်တို့ ဖြစ်ပါသည်။

[၃] စစ်ကောင်စီက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုတဝန်းလုံးတွင် စည်းရုံးလှုပ်ရှားမည့် ပါတီများအနေနှင့် ကျပ်သိန်းတထောင်ကို ဘဏ်တခု၌ အာမခံထားရန် လိုအပ်မည့်အပြင် ရက်ပေါင်း ၁၈၀ အတွင်း တနိုင်ငံလုံးရှိ မြို့နယ်အားလုံး၏တဝက် (မြို့နယ် ၁၆၅ ခုကျော်) တွင် ရုံးခန်းဖွင့်ရန်၊ ပါတီဝင်ဦးရေ အနည်းဆုံး တသိန်းရှိရန် စသည့်အချက်များပါဝင်ခဲ့ပြီး သာမန်ပါတီများအတွက် အကျပ်ရိုက်စေခဲ့သည်။ သို့သော် အဆိုပါဥပဒေကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ပြင်ဆင်ခဲ့ကာ အဖွဲ့ဝင် တသိန်းအစား ငါးသောင်းသို့လည်းကောင်း၊ နိုင်ငံအနှံ့ မြို့နယ်ထက်ဝက်တွင် ရုံးခန်းဖွင့်ရမည့်အစား သုံးပုံတပုံ (မြို့နယ် ၁၁၀) ဟုလည်းကောင်း ပြင်ဆင်ခဲ့သည်။

ဝန်ကြီးဌာနအလိုက် ပြင်ဆင်ပြောင်းလဲမှုအများဆုံးက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနဖြစ်ပြီး ရှစ်ကြိမ်အထိ ပြင်ဆင်ပြောင်းလဲခဲ့ပါတယ်။ နောက်ဆုံးအကြိမ် ပြင်ဆင်ဖွဲ့စည်းမှုမှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန အမှတ်-၁ ကနေ ၄ အထိ တိုးချဲ့ခဲ့တာပါ။ ဒီလေးခုကို စတင်ဖွဲ့စည်းချိန်မှာ ဝန်ကြီးဌာန-၃ ဟာ နာမည်သာရှိခဲ့ပြီး ဝန်ကြီးမရှိတာမို့ နောက်မှ ဝန်ကြီးလိုက်ခန့်ရတဲ့အဖြစ်လည်း ရှိခဲ့ပါတယ်။ အသစ်ဖွဲ့လိုက်တဲ့ ဒီလေးခုဟာ စစ်ခေါင်းဆောင်ရဲ့ အရပ်ဘက်အုပ်စိုးမှုတာဝန်တွေကို မျှလုပ်ရမယ့်သဘော ဖြစ်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်တာဝန်ကိုပါယူထားတဲ့ စစ်ခေါင်းဆောင်ဟာ ၂၀၂၃ ခုနှစ်အတွင်းမှာ ဒုတိယဝန်ကြီးချုပ်ငါးဦး ထပ်ခန့်ထားတာမို့ ဒုတိယဝန်ကြီးချုပ် ခြောက်ဦး (ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကို ဖယ်ရှားပြီးနောက် လက်ရှိငါးဦး) ရှိနေပြန်ပါတယ်။ ဝန်ကြီးဌာနအပြောင်းအလဲတွေထဲမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးပြီးရင် စွမ်းအင်၊ ဟိုတယ်နဲ့ခရီးသွားလာရေး၊ အလုပ်သမားဝန်ကြီးဌာနတွေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့က ဒုတိယအများဆုံးဖြစ်ခဲ့ပြီး သုံးကြိမ်အထိပြောင်းလဲခဲ့ပါတယ်။ ဟိုကလူ ဒီကိုရွှေ့၊ ဒီကလူ ဟိုကိုရွှေ့နဲ့ 'လူတိုင်း စစ်ကောင်စီအဖွဲ့ဝင် ဒါမှမဟုတ် ဝန်ကြီးဖြစ်ဖူးစေရမည်'လို့ စကားဆိုရမလောက်အောင်ပါပဲ။

## ■ စစ်ကောင်စီ၏ ဝန်ကြီးအပြောင်းအလဲ စံချိန်တင်


အာဏာသိမ်းမှုအလွန် သုံးနှစ်အတွင်း စစ်ခေါင်းဆောင်သည် အစိုးရအဖွဲ့ကို ခြောက်ကြိမ်အထိ ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဝန်ကြီးများ (ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ ဒုဝန်ကြီးများ မပါဝင်)အဆင့်မှာပင် ၄၁ ကြိမ်ထက်မနည်း လဲလှယ်ခြင်း၊ ဖယ်ရှားခြင်းနှင့် အသစ်ခန့်အပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ထိုပမာဏသည် သမ္မတ ဦးသိန်းစိန်အစိုးရနှင့် NLD အစိုးရလက်ထက် ပြင်ဆင်ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ပါက အများဆုံးဖြစ်ပြီး စံချိန်တင်ခဲ့သည်။ သုံးနှစ်အတွင်း စစ်ကောင်စီအစိုးရအဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ (ဝန်ကြီးအဆင့်မှ တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်အဆင့်အထိ) ၁၂၇ ဦးရှိသည့်တိုင်အောင်ပင် များပြားခဲ့သည်။




မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။ အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုများ ရှိနိုင်သည်။

## စစ်ခေါင်းဆောင်၏ လူယုံတော် ဗိုလ်ချုပ်ကြီးများနှင့် ကောင်စီဝင်များ

အရပ်ဘက်တဝက်၊ စစ်ဘက်တဝက် ပါဝင်ခြင်းဖြင့် ပုံဖော်ထားသော စစ်ကောင်စီကို သုံးနှစ်အတွင်း လေးကြိမ်အထိ ထပ်တိုးပြင်ဆင်ဖွဲ့စည်းမှု ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ် အတွင်း သုံးကြိမ်အထိ ပြင်ဆင်ဖွဲ့စည်းခဲ့ကာ တကြိမ်သည် စစ်ခေါင်းဆောင်နှင့် သဘောထားကွဲခဲ့သော အရပ်ဘက်နိုင်ငံရေးသမား ကောင်စီဝင် တချို့အား အနားပေး၍ လူသစ်များဖြင့် အစားထိုးခဲ့ခြင်းဖြစ်သည်။ ကျန်တကြိမ်တွင်မူ လာဘ်စားသော ဒုတိယဗိုလ်ချုပ်ကြီးနှစ်ဦးအား ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ပြင်ဆင်ဖွဲ့မှု လေးကြိမ်၌ အနားပေးခဲ့သူ ၁၅ ဦးရှိပြီး ၁၂ ဦးမှာ အရပ်ဘက်မှဖြစ်ကာ ကျန်သုံးဦးမှာ စစ်ဘက်မှဖြစ်သည်။ အရပ်ဘက်မှ ပါဝင်ခဲ့သူများထဲတွင် မန်းငြိမ်းမောင်နှင့် ဦးရွှေကြိမ်းတို့နှစ်ဦးသာ တည်မြဲပါသည်။ လက်ရှိစုဖွဲ့မှုအရ စစ်ခေါင်းဆောင်၏ အနီးဆုံးအတွင်းစည်းထဲတွင် စစ်ဘက်ကောင်စီဝင်များသာ ရှိနေပါသည်။





- စစ်ကောင်စီ စတင်ဖွဲ့စည်းချိန်ကတည်းက ရှိခဲ့သော ကောင်စီဝင်များ
- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ထပ်တိုးခဲ့သော ကောင်စီဝင်
- စစ်ခေါင်းဆောင်နှင့် သဘောထားကွဲခဲ့သော အရပ်ဘက်ကောင်စီဝင်များအား ဖယ်ရှားပြီးနောက် အစားထိုးခဲ့သည့် ကောင်စီဝင်များ
- တတိယအကြိမ် ပြင်ဆင်ဖွဲ့စည်းမှု၌ အစားထိုးခဲ့သော ကောင်စီဝင်
- လာဘ်စားသည့် ဒုတိယဗိုလ်ချုပ်ကြီးနှစ်ဦးအား ဖယ်ရှားပြီးနောက် အစားထိုးခဲ့သည့် စစ်ဘက်ကောင်စီဝင်များ

- စစ်ခေါင်းဆောင်နှင့် အနီးဆုံး အတွင်းစည်းတွင် ရှိနေသော စစ်ဘက်ကောင်စီဝင်များ
- စစ်ခေါင်းဆောင်၏ အတွင်းစည်းပြင်ပတွင် ရှိနေသည့် ကောင်စီဝင်များ

မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar ၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။ အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုများ ရှိနိုင်သည်။

## ■ သုံးနှစ်အတွင်း ကောင်စီဝင် ၃၃ ဦးရှိခဲ့

အာဏာသိမ်းမှုအလွန် သုံးနှစ်အတွင်း စစ်ကောင်စီတွင် ပါဝင်ခဲ့ဖူးသူ ကောင်စီဝင် ၃၃ ဦးရှိပါသည်။ ၎င်းတို့အနက် ၁၅ ဦးမှာ ဖယ်ရှားခံခဲ့ရပြီး ၁၂ ဦးမှာ အရပ်သားများဖြစ်သည်။ ကောင်စီဝင် အစားထိုးခြင်းအပါအဝင် နေရာအပြောင်းအလဲပြုလုပ်မှု ၂၂ ကြိမ်ရှိခဲ့ပါသည်။ လက်ရှိကောင်စီဝင် ၁၈ ဦးနှင့် ဖယ်ရှားခံခဲ့ရသူများ၏ ကောင်စီဝင်သက်တမ်းကို ပိုင်းခြားဖော်ပြထားပါသည်။




မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar ၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။
အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုများ ရှိနိုင်သည်။

## ကောင်စီဝင်အဖြစ်မှ အနားပေးခံရသူများ

သုံးနှစ်အတွင်း စစ်ကောင်စီတွင် ပါဝင်ခဲ့ဖူးသူ ကောင်စီဝင် ၃၃ ဦးအနက် အနားပေးခံခဲ့ရသူ ၁၅ ဦးဖြစ်ပါသည်။ အနားပေးခံခဲ့ရသော အရပ်သား ကောင်စီဝင်များအနက် တချို့မှာ စစ်ခေါင်းဆောင်နှင့် သဘောထားကွဲလွဲခဲ့သောကြောင့်ဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုအသုံးပြု၍ ကိုယ်ကျိုးစီးပွားပြုလုပ်သည်ဟုဆိုကာ စစ်ခေါင်းဆောင်က ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ အရပ်ဘက်မှ အနားပေးခံခဲ့ရသူများအနက် Jeng Phang နော်တောင်တဦးတည်းကိုသာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးအဖြစ် ထပ်မံတာဝန်ပေးခဲ့သည်။


ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်
အဖွဲ့ဝင်-၃


ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း
အဖွဲ့ဝင်-၃


ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
အဖွဲ့ဝင်-၄


ဦးသိန်းညွန့်
အဖွဲ့ဝင်-၆


ဦးခင်မောင်ဆွေ
အဖွဲ့ဝင်-၇


ဒေါ်အေးနုစိန်
အဖွဲ့ဝင်-၈


Jeng Phang နော်တောင်
အဖွဲ့ဝင်-၉


ဦးမောင်းဟာ
အဖွဲ့ဝင်-၁၀


ဦးစိုင်းလုံးဆိုင်
အဖွဲ့ဝင်-၁၁


စောဒန်နီယယ်
အဖွဲ့ဝင်-၁၂


ဒေါက်တာ ဗညားအောင်မိုး
အဖွဲ့ဝင်-၁၃


ပူဂင့်ကမ်းလျန်
အဖွဲ့ဝင်-၁၀



ဦးမောင်ကို
အဖွဲ့ဝင်-၁၁


ဒေါက်တာ အောင်ကျော်မင်း
အဖွဲ့ဝင်-၁၂


ဒေါက်တာ ကျော်ထွန်း
အဖွဲ့ဝင်-၁၃


## ■ အစိုးရအဖွဲ့အတွင်း နေရာအရွှေ့အပြောင်း ၅၆ ကြိမ်ရှိခဲ့

သုံးနှစ်တာအတွင်း စစ်ကောင်စီ အစိုးရအဖွဲ့တခုလုံးတွင် ခန့်အပ်၊ ဖယ်ရှား၊ နေရာအရွှေ့အပြောင်းပြုလုပ်မှု ၅၆ ကြိမ်ရှိခဲ့သည်။ လူပုဂ္ဂိုလ်အားဖြင့် ခန့်အပ်၊ ဖယ်ရှား၊ နေရာရွှေ့ပြောင်းခံရသူ စုစုပေါင်း ၅၄ ဦးရှိပါသည်။ ဝန်ကြီးဌာနအလိုက် ပြင်ဆင်ပြောင်းလဲမှုအများဆုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန)ဖြစ်ပြီး ရှစ်ကြိမ်အထိ ပြင်ဆင်ပြောင်းလဲခဲ့သည်။




တာဝန်ထမ်းဆောင်ခဲ့သောသက်တမ်း ● စစ်ဘက်ဝန်ကြီးများ ● အရပ်ဘက်ဝန်ကြီးများ ■ ဒုတိယဝန်ကြီးချုပ်တာဝန်ပါ ရထားသူများ

မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။
အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုများ ရှိနိုင်သည်။




တာဝန်ထမ်းဆောင်ခဲ့သောသက်တမ်း · စစ်ဘက်ဝန်ကြီးများ · အရပ်ဘက်ဝန်ကြီးများ

မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။
အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲမှုများကြောင့် ကွဲလွဲမှုများ ရှိနိုင်သည်။

တဖက်မှာလည်း စစ်ခေါင်းဆောင်ဟာ အင်စတီကျူးရှင်းစနစ်တွေကို ဖွဲ့သာထားတယ်၊ သုံးလိုပုံမရပါဘူး (နေပြည်တော်လိုဂျီ အမှတ်-၁ ကိုရှုပါ)။ ဥပမာအားဖြင့် ငြိမ်းချမ်းရေးကိစ္စတွေ စီမံကိုင်တွယ်ဖို့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ကို ဖွဲ့စည်းခဲ့ပေမဲ့ ပြီးခဲ့တဲ့သုံးနှစ်အတွင်း တရားဝင်အစည်းအဝေး တကြိမ်ပဲ လုပ်ထားပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှာ 'စစ်ဆင်ရေး ၁၀၂၇'နဲ့ ဆက်စပ်လို့ ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) နဲ့ တရုတ်နိုင်ငံ ကူမင်းမြို့မှာ အပစ်ရပ်ရေး ဆွေးနွေးတဲ့အခါ စစ်ကောင်စီ NSPNC ရဲ့ အင်စတီကျူးရှင်းအခန်းကဏ္ဍက ပျောက်လုနီးပါးပါပဲ။ NSPNC အစား အဖွဲ့ရဲ့အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် (OTS-66) ကို စေလွှတ်ခဲ့ပါတယ်။ ဆွေးနွေးပွဲအတွင်းမှာလည်း စစ်ကောင်စီဘက်က ပြင်ဆင်ထားတဲ့ ညှိနှိုင်းသဘောတူစရာ အဆိုပြုချက်တွေ ခိုင်ခိုင်မာမာ ရှိခဲ့ပုံမရတာကိုလည်း ISP-Myanmar ရဲ့ သုတေသနပြု လေ့လာချက်တွေအရ သိရပါတယ်။ ကူမင်းဆွေးနွေးပွဲ ပထမအကြိမ်မှာ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နဲ့ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စရဖ)အရာရှိတွေတက်ခဲ့ပြီး ဒုတိယအကြိမ်တွေ့ဆုံမှုမှာတော့ စစ်ခေါင်းဆောင်ရဲ့ ကိုယ်ရေးအရာရှိ (Aide de Camp) ဗိုလ်ချုပ် မိုးမြင့်ဆွေ (OTC-23) ကိုပါ စေလွှတ်ခဲ့ပါတယ်။ ဗိုလ်ချုပ်မိုးမြင့်ဆွေဟာ စစ်ခေါင်းဆောင်ရဲ့ လူယုံကိုယ်ရံတော်ဗိုလ်ချုပ်ဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် စစ်ခေါင်းဆောင်ဟာ စိုးရိမ်ပူပန်မှုရှိပုံနဲ့ ကိစ္စအရာရာကို ပုဂ္ဂိုလ်ရေးဆန်ဆန်စဉ်းစားနေပုံ ပေါ်လွင်ထင်ရှားပါတယ်။ တပ်မတော်အတွင်း ရာထူးခန့်ထားရေးတွေမှာလည်း စစ်ခေါင်းဆောင်ရဲ့ တကိုယ်ရေဆုံးဖြတ်မှု၊ လက်သင့်ရာ စားတော်ခေါ်မှုတွေကြောင့် စစ်တပ်အတွင်း ဆက်ခံရေးကိစ္စတွေမှာပါ ပြဿနာဖြစ်လာပါတယ် (နေပြည်တော်လိုဂျီ အမှတ်-၂၊ စစ်တပ်အတွင်း ဆက်ခံရေးအကျပ်အတည်းကို ရှုပါ)။ ပိုဆိုးတာက စစ်ခေါင်းဆောင်အဖို့ တာဝန်ခွဲဝေအပ်နှင်းမှု (delegation) ဆိုတာ 'ငါ့လူတွေ'သာ လုပ်ရမယ်လို့ မြင်ထားပုံပါပဲ။

ဒါ့အပြင် စစ်ခေါင်းဆောင်ရဲ့ခေါင်းထဲမှာ 'နိုင်ငံရေးထွက်ပေါက်'တခု ရှိနေပုံမရပါဘူး။ ရွေးကောက်ပွဲကို ဦးစားပေးထားတယ်ဆိုပေမဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ၂၀၂၄ ခုနှစ်ထဲမှာ သန်းခေါင်စာရင်း ကောက်ရဦးမယ်၊ ပြီးတဲ့နောက် မဲစာရင်းပြုစုရဦးမယ်၊ ရွေးကောက်ပွဲကိုလည်း 'လွတ်လပ်၍ တရားမျှတသော၊ ဂုဏ်သိက္ခာရှိသော' ဆိုတာတွေ၊ 'အကြားအလပ်မရှိ'ဆိုတာတွေ နာမဝိသေသနတွေ ထပ်ပိုးပြီး ပြောနေပါတယ်။ တကယ်တော့ စစ်ခေါင်းဆောင်ဟာ နိုင်ငံရေးထွက်ပေါက်တွေကို သူ့ဘာသာပိတ်ခဲ့တာလို့ ဆိုနိုင်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အပါအဝင် ပါတီပေါင်း ၄၀ ကျော်ကို ဖျက်သိမ်းခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နှစ်ရှည်ထောင်ဒဏ်ချပြီး အကျဉ်းထောင်ထဲပို့ပါတယ်။ အရင်စစ်အစိုးရတွေ ကျင့်သုံးခဲ့သလို နိုင်ငံတကာသံတမန်တွေနဲ့ ရုံဖန်ရံခါပေးတွေ့တာမျိုးလည်း

- မလုပ်ခဲ့ပါဘူး။ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ အာဆီယံတူညီဆန္ဒငါးရပ် (5PC) ကိစ္စကိုလည်း ဖြေရှင်းနိုင်စွမ်း မရှိပါဘူး။ တိုင်းရင်းသားတွေနဲ့ ဆက်ဆံရေးမှာလည်း ပိုဆိုးလာပြီး အခုဆို အပြစ်ဖို့ပြောတဲ့အထိ ဖြစ်လာပါတယ်။ လတ်တလောမှာလည်း 'ပြည်သူ့စစ်မှုထမ်းဥပဒေ' ကို အသက်သွင်းလိုက်တဲ့အခါ နိုင်ငံဖြစ်ထွန်းမှုလမ်းကြောင်းတခုလုံး မျိုးဆက်နဲ့ချီ အနုတ်လက္ခဏာအရွေ့ ဖြစ်သွားတဲ့အထိ အန္တရာယ်ဖြစ်စေခဲ့ပါတယ် (ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ဝရုန်းသုန်းကားအခြေအနေနှင့် သက်ရောက်ဖြစ်တန်ခြေငါးရပ်ကိုရှုပါ)။ စီးပွားရေးကဏ္ဍမှာလည်း စစ်ခေါင်းဆောင်ရဲ့စံထားပြုမှုပုံက အတင်းအကျပ်သဘော (arbitrary)နဲ့ လက်တန်း (ad hoc) ပိုဆန်ပါတယ်။ ဒီအပိုင်းကိုတော့ နောက်လာမယ့် နေပြည်တော်လိုဂျီတွေမှာ ဖော်ပြပါမယ်။

နိုင်ငံရေးသိပ္ပံဘာသာရပ်မှာ အာဏာရှင်အစိုးရတွေရဲ့တည်ငြိမ်မှုနဲ့ အုပ်ချုပ်မှုစွမ်းရည်ကို တွဲဖက်လေ့လာတာရှိပါတယ်။ အထူးသဖြင့် အစိုးရဝန်ကြီးအဖွဲ့အရွယ်အစား၊ ဘယ်လောက်ကြာကြာ ခန့်ထားတည်မြဲကြသလဲဆိုတာကို ကြည့်ကြတာပါ။ အာဏာရှင်တွေပေါ်တဲ့ အာဖရိကတိုက်က ဒီကိစ္စအတွက် လေ့လာဖို့အကောင်းဆုံး နယ်ပယ်တရပ် ဖြစ်ပါတယ်။ ကင်မရွန်းနိုင်ငံမှာ ဝန်ကြီးအဖွဲ့အရွယ်အစားက ပျမ်းမျှ ၄၀ ဦးရှိပြီး ကွန်ဂိုနိုင်ငံမှာတော့ ၃၈ ဦး ရှိပါတယ်။ အာဖရိကတိုက်ရဲ့ အစိုးရဝန်ကြီးအဖွဲ့ ပျမ်းမျှအရွယ်အစားက (၂၀၁၇ ခုနှစ်မှာ) ၂၉ ဦးဖြစ်ပါတယ်။ ဝန်ကြီးပြောင်းလဲမှု မြင့်မားတဲ့နိုင်ငံတွေက ဗဟိုအာဖရိကသမ္မတနိုင်ငံ (၃၂ ရာခိုင်နှုန်း)၊ ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (၂၉ ရာခိုင်နှုန်း)နဲ့ နိုင်ဂျီးရီးယား (၂၆ ရာခိုင်နှုန်း) တို့ဖြစ်ပါတယ်။ မူဂါဘီလက်ထက် ဇင်ဘာဘွေနိုင်ငံဟာလည်း ထင်ရာစိုင်း အပြောင်းအလဲကိစ္စတွေမှာ နာမည်ဆိုးနဲ့ကျော်ကြားပါတယ်။ အာဖရိက အာဏာရှင်နိုင်ငံတွေရဲ့ အတွေ့အကြုံအရတော့ လူတစုသီးသန့်ခြယ်လှယ်တဲ့ နိုင်ငံရေးတွေဟာ အကြမ်းဖက်မှုမြင့်မားတာ၊ အဂတိလိုက်စားမှုတွေ အကျယ်အပြန့်ဖြစ်တာနဲ့ တရားဝင်မှုဆုံးရှုံးတာတွေ ဖြစ်စေပါတယ်။

စစ်ကောင်စီကိုလည်း အာဖရိကအာဏာရှင်နိုင်ငံတချို့နဲ့ နှိုင်းယှဉ်လေ့လာစရာပါပဲ။ သုံးနှစ်ဆိုတဲ့ ကာလတခုအတွင်းမှာ ကောင်စီအဖွဲ့တွင်းသာမက အစိုးရဝန်ကြီးအဖွဲ့ အပြောင်းအလဲ ဖောင်းပွများပြားခဲ့တာ ထင်ရှားပါတယ်။ နိုင်ငံရေးမတည်ငြိမ်တာ၊ ခေါင်းဆောင်မှု မှုမမှန်တာ၊ အာဏာရှင်ကြီးတွေရဲ့ ရုံးတလုံး ဓားတစင်း ထင်ရာစိုင်း အပြောင်းအလဲလုပ်မှုတွေနဲ့ မူဝါဒ ရှေ့နောက်မညီ ပျက်ပြားတာတွေ၊ 'မင်းနားခစား၊ ကမ်းနားသစ်ပင်'ဘဝနဲ့ ကြောက်လန့်စိုးရိမ်နေကြသူတွေကြောင့်လည်း အုပ်ချုပ်ရေးစနစ်မှာ သတင်းအချက်အလက် အမှန်မရတော့ဘဲ ယန္တရားစနစ်တခုလုံး ရပ်ဆိုင်းပြီး ပြိုလဲသွားတဲ့အထိ ဖြစ်နိုင်ပါတယ်။ ■

# အလေးပေးဖော်ပြလိုသည်များ

## SPOTLIGHTS

အခြား သတိပြုစရာ အကြောင်းအချက်များကိုလည်း သံခိပ်သဘော ပြောပြလိုသဖြင့်
'အလေးပေးဖော်ပြလိုသည်များ (Spotlights)' ကဏ္ဍကို ထည့်သွင်းထားခြင်းဖြစ်သည်။
ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဖြစ်ခဲ့သော အကြောင်းအရာများအနက်
**သတိပြုစရာ သုံးခု**ကို ကောက်နုတ်ဖော်ပြထားပါသည်။

---

## ● ယာကူဇာပွဲစားနှင့် မြန်မာနိုင်ငံမှ နျူကလီးယား ဓာတ်သတ္တုပစ္စည်း

မြန်မာနိုင်ငံထွက် နျူကလီးယား ဓာတ်သတ္တုပစ္စည်းတွေ ရောင်းချဖို့ ကြိုးပမ်းမှုနဲ့ ဂျပန်ယာကူဇာဂိုဏ်းခေါင်းဆောင် Takeshi Ebisawa ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှာ အမေရိကန်က တရားစွဲဆိုလိုက်ပါတယ်။ နျူကလီးယားလက်နက်ထုတ်လုပ်ရာမှာ အရေးပါတဲ့ သတ္တုတွေဖြစ်တဲ့ ယူရေနီယံနဲ့ ပလူတိုနီယံတွေကို အရောင်းအဝယ်လုပ်ဖို့ မြန်မာနိုင်ငံက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တခုရဲ့ ခေါင်းဆောင်တဦးကပြောခဲ့ပြီး အပြန်အလှန်အနေနဲ့ လေယာဉ်ပစ်လက်နက်တွေအပြင် အခြားလက်နက်တွေ ရောင်းပေးမယ်ဆိုတဲ့ အချက်ကိုလည်း စွဲချက်မှာ ဖော်ပြထားပါတယ်။ ၂၀၂၂ ခုနှစ် ဧပြီလအတွင်း သူ့ကို ဖမ်းဆီးခဲ့တာဖြစ်ပြီး နိုင်ငံတကာမူးယစ်ဆေးနဲ့ လက်နက်မှောင်ခိုမှုဆိုင်ရာဥပဒေတွေနဲ့ ဦးစွာ စွဲချက်တင်ထားပါတယ်။ အခုတော့ နျူကလီးယားဓာတ်သတ္တုပစ္စည်းမှောင်ခိုမှုနဲ့ ထပ်ပြီး စွဲချက်တင်တာ ဖြစ်ပါတယ်။ သူ့ကို ဖမ်းဆီးရမိချိန်ကလည်း သူဟာ မြန်မာနိုင်ငံက တိုင်းရင်းသားတပ်ဖွဲ့တွေအတွက် လက်နက်ဝယ်ပေးဖို့ ကြားပွဲစားလုပ်ပြီး ငွေကြေးအပြင် မူးယစ်ဆေးဝါးတွေနဲ့ပါ အလဲအလှယ်လုပ်ဖို့ အပေးအယူတွေရှိခဲ့ကြောင်း သတင်းတွေမှာ ဖော်ပြကြပါတယ်။ ၂၀၂၂ ခုနှစ် စွဲချက်မှတ်တမ်းမှာ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ပါဝင်ပတ်သက်နေတဲ့ အချက်အလက်တွေ ဖော်ပြထားပါတယ်။

## ● ပြည်သူ့နှလုံး ချုံးချုံးကျလျက်

'ပြည်သူ့စစ်မှုထမ်းဥပဒေ' အသက်သွင်းလိုက်တဲ့နောက် ဝရုန်းသုန်းကား အခြေအနေတွေ ဖြစ်ခဲ့ပါတယ်။ လူငယ်တွေဟာ နိုင်ငံကနေ အမြန်ဆုံးထွက်ခွာလိုနေကြတာပါ။ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့) ထုတ်ပေးတဲ့ရုံးတွေမှာ လူတွေပြုံကျခဲ့ပါတယ်။ မန္တလေးမှာဆို ပတ်စ်ပို့ရဖို့ တန်းစီတိုးရင်း အသက်သေတဲ့အထိ ဖြစ်ခဲ့ပါတယ်။ အခြားတစ်ဖက်မှာလည်း မြန်မာနိုင်ငံသားတွေရဲ့ ကယ်ပေါက်လိုဖြစ်နေတဲ့ ထိုင်းနိုင်ငံဟာ သူ့နိုင်ငံထဲကို ပရမ်းပတာ ဝင် ▶

- ရောက်လာကြမယ့်အရေး စိုးရိမ်နေပါတယ်။ ခိုးဝင်သူတွေကို ထိထိရောက်ရောက်အရေးယူသွားဖို့ ထိုင်းဝန်ကြီးချုပ်ကိုယ်တိုင် သတိပေးထားပါတယ်။ တဖက်မှာ ပြည်သူ့ကာကွယ်ရေးတပ် (PDF) တွေထဲ ဝင်ရောက်ဖို့ ဆက်သွယ်လာမှုတွေ များပြားလာပါတယ်။ အပြိုင်အဆိုင်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီမှာလည်း စစ်သားစုဆောင်းမှုတွေ ပိုတွေ့လာရပြီး ဆော်ဩသံတွေ ပိုကျယ်လာပါတယ်။ တချို့အဖွဲ့တွေက အဓမ္မလူသစ်စုဆောင်းတာတွေလည်း ရှိပါတယ်။ ထွက်ပြေးတိမ်းရှောင်ရင် အိမ်တွေကိုသိမ်းမယ်ဆိုတာမျိုးလည်း တွေ့ရပါတယ်။ ပြည်သူတွေအဖို့ ‘ရေနစ်သူ ဝါးကူထိုး’ခံရတဲ့ အခြေအနေပါပဲ။

## ● ရခိုင်စစ်မျက်နှာစာနှင့် တရုတ်၏ ခြေလှမ်း

ရခိုင်ပြည်နယ်မှာ ရက္ခိုင့်တပ်တော် (AA) က မြို့နယ်ငါးခုကို အပြည့်အဝထိန်းချုပ်ထားပြီး နောက်ထပ်ငါးမြို့ကို ဆက်လက်တိုက်ခိုက်နေတဲ့အပြင် စစ်ကောင်စီတပ်စခန်း ၂၂၂ ခုထက်မနည်း သိမ်းထားပါတယ်။ စစ်ကောင်စီရဲ့ရဟတ်ယာဉ်တစင်းနဲ့ စစ်သင်္ဘော ကိုးစင်းကိုလည်း ဖျက်ဆီးနိုင်ခဲ့ပါတယ်။ အိန္ဒိယ-မြန်မာ ကုလားတန်စီမံကိန်းရှိရာ ချင်းပြည်နယ် ပလက်ဝမြို့နယ်ကိုလည်း ထိန်းချုပ်ထားပါတယ်။ စစ်ကောင်စီတပ်သားတွေ အိန္ဒိယနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွေထဲကို ထွက်ပြေးတာ အနည်းဆုံး ၇၀၀ ကျော်ရှိခဲ့ပါတယ်။ မြန်မာဘက်က ထွက်ပြေးလာသူတွေ ခပ်စိပ်စိပ်ဖြစ်နေလို့ နယ်စပ်တလျှောက် ခြံစည်းရိုးခတ်တော့မယ်လို့ အိန္ဒိယဘက်က ပြောလာပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာကလည်း ရိုဟင်ဂျာတသန်းလောက်ကို ခိုလှုံခွင့်ပေးထားရတာကြောင့် နောက်ထပ် လက်မခံနိုင်တော့ဘူးလို့ ပြောလာပါတယ်။ တရုတ်စီမံကိန်းကြီးတွေရှိတဲ့ ရခိုင်ပြည်နယ်တောင်ပိုင်းအထိ စစ်မီးကျယ်ပြန့်လာချိန်မှာ တရုတ်နိုင်ငံဟာ ကြားဝင်ဖို့ စီစဉ်လာပါတယ်။ တဖက်မှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ရိုဟင်ဂျာတွေ နေရပ်ပြန်နိုင်အောင် ကြိုးစားနေတဲ့ တရုတ်ရဲ့အစီအမံက ရပ်တန့်လုဖြစ်နေပါတယ်။ ဇန်နဝါရီ ၂၈ ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးကို တရုတ်သံအမတ် သွားတွေ့တဲ့အခါ ဒီအကြောင်းဆွေးနွေးခဲ့ပြီး စိတ်ရှည်သည်းခံပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ AA စစ်ဦးစီးချုပ်ကတော့ သူတို့ရဲ့ ရည်မှန်းချက်အတိုင်း ဆက်လုပ်သွားမှာဖြစ်ပြီး ကြားဝင်လာမယ့် တရုတ်နိုင်ငံနဲ့ ထိပ်တိုက်မတွေ့ဖို့ နည်းလမ်းရှာနေတယ်လို့ BBC နဲ့ အင်တာဗျူးမှာ ပြောခဲ့ပါတယ်။ မြန်မာဘက်ခြမ်းက ပစ်လိုက်တဲ့ ကျည်ဆန်နဲ့ လက်နက်ကြီးကျည်တွေ သူ့နိုင်ငံထဲကျပြီး လူသေဆုံးတာကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရက အပြစ်တင်ခဲ့ပါတယ်။ စစ်ရှုံးနေတဲ့ စစ်ကောင်စီဟာ အိန္ဒိယနဲ့ မြန်မာ နှစ်နိုင်ငံစစ်တပ်ပူးပေါင်းမှု အရှိန်မြှင့်ဖို့အတွက် ဖေဖော်ဝါရီ ၂၄ ရက်က နှစ်ဖက်စစ်တပ်ခေါင်းဆောင်တွေ နေပြည်တော်မှာ တွေ့ခဲ့ပါတယ်။ တရုတ်ကြားဝင်မှုကြောင့် ရှမ်းမြောက်ဒေသမှာတော့ တိုက်ပွဲတွေ လျော့ကျနေပါတယ်။ ■

## အာရုံစိုက်ထိုက်သော စာကိုးစကားကိုး

QUOTE OF THE WEEK

‘၁၀ ယောက်ကိုတော့ လွှတ်တယ်။ အယောက် ၃၃ ယောက် ကျန်သေးတယ်။ မြေရှားသတ္တုလည်း တူးဖော်နေဆဲဖြစ်တယ်။ လွှတ်ပေးတဲ့ သူတွေကိုလည်း နောက်ကန့်ကွက်တဲ့အပိုင်းမှာ ဘယ်တော့မှ ပါဝင်လို့မရတော့ဘူးလို့ လက်မှတ်ထိုးခိုင်းပြီးလွှတ်ပေးတာ’

ချီဖွေမြို့နယ်မှ
ဒေသခံတဦး

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် RFA သတင်းဌာနက ဖော်ပြခဲ့သော
**‘ချီဖွေမှာ မြေရှားသတ္တုတူးဖော်မှု ကန့်ကွက်သူတွေ သုံးဆယ်ကျော် ပြန်မလွတ်သေး’** သတင်းမှ ကောက်နုတ်ချက်။

ISP-Myanmar ရဲ့ ဖော်ပြချက်တွေကို
Telegram Channel မှာလည်း ဖတ်ရှုနိုင်ပါတယ်။

ISP Telegram

# ထိုင်းနိုင်ငံဦးဆောင်သော လူသားချင်းစာနာမှု အကူအညီ

လူသားချင်းစာနာမှုဆိုင်ရာ ဘေးကင်းဇုန် (Humanitarian safe zone) တခုကို ထိုင်း-မြန်မာနယ်စပ် မဲဆောက်တွင် တည်ဆောက်သွားရန်ရှိပြီး ဒုက္ခသည်စခန်းမဟုတ်ကြောင်း ပြောထားသည်။


၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ကျင်းပတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) ရဲ့ ဆွေးနွေးပွဲတခုမှာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်တဲ့ မစ္စတာပန်ပရီဗဟိဒ္ဓနူကာရာက မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံရဲ့ ရပ်တည်ချက်ကို ဆွေးနွေးခဲ့ပါတယ်။ ဒါဟာ ထိုင်းနိုင်ငံမှာ အစိုးရသစ်တက်အပြီး ပထမဦးဆုံးဖွင့်ဟပြောတဲ့ မြန်မာနိုင်ငံဆိုင်ရာ တရားဝင် မူဝါဒမိန့်ခွန်းလည်း ဖြစ်ပါတယ်။

သူ့မူဝါဒမိန့်ခွန်းမှာ ထူးခြားချက်ကတော့ ထိုင်းနိုင်ငံအနေနဲ့ အိမ်နီးချင်းဖြစ်တဲ့အလျောက် လူသားဆိုင်ရာ လုံခြုံမှုကို ဦးစားပေး ကူညီချင်တယ်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ ပိုပြီးပေးနိုင်ဖို့နဲ့ လူထုတွေရဲ့ထိခိုက်နစ်နာ ခံစားနေရမှုတွေကို လျှော့ချပေးဖို့ အဓိကကြိုးပမ်းသွားမယ်၊ လူသားချင်းစာနာမှုဆိုင်ရာ သံတမန်ရေး (humanitarian diplomacy) ကို တိုးမြှင့်သွားမယ်လို့ဆိုခဲ့ပါတယ်။ နောက်ပိုင်း သိပ်မကြာပါဘူး၊ မစ္စတာပန်ပရီက ထိုင်း-မြန်မာနယ်စပ် မဲဆောက်ကို ဖေဖော်ဝါရီ ၇-၈ ရက်တွေမှာ သွားရောက်လေ့လာခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ အမှတ်-၄ တပ်မ တပ်မှူးတို့နဲ့ပါ ဆွေးနွေးခဲ့ပါတယ်။

မစ္စတာပန်ပရီပြောတဲ့ လူသားချင်းစာနာမှုဆိုင်ရာ ဘေးကင်းဇုန် (humanitarian safe zone) တခုကို အခုလနောက်ပိုင်းမှာ မဲဆောက်နယ်စပ်မှာ တည်ဆောက်သွားမှာပါ။ ဒါပေမဲ့ ဒါဟာ ဒုက္ခသည်စခန်းမဟုတ်ဘူးလို့ ငြင်းဆိုပါတယ်။ လူနှစ်သောင်းအတွက် စားနပ်ရိက္ခာ၊ ဆေးဝါးနဲ့ အခြား ထောက်ပံ့ပစ္စည်းတွေ ပေးအပ်သွားမယ်လို့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆီဟာဆက်ဖောင်ကက်ကယောက်ဝ်က ဆိုပါတယ်။ ဒီထောက်ပံ့ရေးလုပ်ငန်းတွေကို စီမံခန့်ခွဲဖို့ ထိုင်းနဲ့ မြန်မာ နှစ်နိုင်ငံကြက်ခြေနီအဖွဲ့တွေ ညှိနှိုင်းဆောင်ရွက်သွားမယ်လို့ ဆိုထားပါတယ်။ 'မြန်မာနိုင်ငံကို နောက်ထပ် မတည်ငြိမ်ထပ်ဖြစ်ဖို့ မလိုလားပါဘူး။ အခုလုပ်ငန်းစဉ်တွေက ထိရောက်ပြီး ယုံကြည်လက်ခံဖွယ်လည်းရှိ၊ ပွင့်လင်းမြင်သာမှုလည်း ရှိရပါမယ်'လို့ ထိုင်းနိုင်ငံခြားရေးဒုတိယဝန်ကြီးက ဆိုခဲ့ပါတယ်။

## ၁၅၄ မြို့နယ်တွင် လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု မြင့်မား
### (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ)


အာဏာသိမ်းမှုအလွန် သုံးနှစ်တာကာလအတွင်း (အနည်းဆုံး တကြိမ်နှင့်အထက် အပြန်အလှန်ပစ်ခတ်) တိုက်ပွဲဖြစ်ပွားခဲ့သည့် မြို့နယ် ၂၂၈ မြို့နယ် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း၏ ၆၉ ရာခိုင်နှုန်း) ရှိလာပါသည်။ အဆိုပါ မြို့နယ် ၂၂၈ မြို့နယ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှု အခြေအနေကို သိရှိနိုင်ရန် ISP-Myanmar က လေ့လာခဲ့ရာတွင် လုံခြုံရေးဆိုင်ရာအကျပ်အတည်း မြင့်မားနေသည့် မြို့နယ်ပေါင်း ၁၅၄ မြို့နယ်ရှိပြီး တနိုင်ငံလုံး မြို့နယ်စုစုပေါင်း၏ ၄၇ ရာခိုင်နှုန်းအထိ ရှိပါသည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက် စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

## ■ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပိုမိုမြင့်မားလာ (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ)

အာဏာသိမ်းမှုအလွန် သုံးနှစ်တာကာလအတွင်း (အနည်းဆုံး တကြိမ်နှင့်အထက် အပြန်အလှန်ပစ်ခတ်) တိုက်ပွဲဖြစ်ပွားခဲ့သည့် မြို့နယ် **၂၂၈ မြို့နယ်** (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း၏ **၆၉ ရာခိုင်နှုန်း**) ရှိလာကြောင်း တွေ့ရသည်။ အဆိုပါ မြို့နယ် ၂၂၈ မြို့နယ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှု အခြေအနေကို သိရှိနိုင်ရန် ISP-Myanmar က လေ့လာခဲ့ရာတွင် လူသားချင်းစာနာမှုဆိုင်ရာအညွှန်းကိန်း အကျပ်အတည်းမြင့်မားနေသည့် မြို့နယ်ပေါင်း **၆၁** ခုရှိခဲ့ပြီး **စစ်ကိုင်းတိုင်းမှ ၂၁ မြို့နယ်**အထိပါဝင်ကာ အများဆုံးဖြစ်သည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက် စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လူပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

အခု လူနှစ်သောင်းအတွက် အကူအညီက အရေးကြီးတဲ့ ကနဦးအဆင့်ဖြစ်ပြီး နောက်ပိုင်းမှာ မြန်မာနိုင်ငံထဲက လိုအပ်နေသူတွေကိုလည်း ဆက်လက်ကူညီသွားဖို့ ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံထဲမှာ အိုးအိမ်စွန့်ပစ်ထွက်ပြေးနေရသူ ၂ ဒသမ ၆ သန်းအထိ ရှိနေတယ်လို့ ကိန်းဂဏန်းတွေက ဖော်ပြပါတယ်။ ထိုင်းနိုင်ငံက ကမကထပြုတဲ့ အကူအညီပေးရေး လုပ်ငန်းတွေကတော့ ခြေသွက်ပါတယ်။ အခုလိုအစီအစဉ်တွေပြောဆိုပြီး မကြာခင် ဇန်နဝါရီ ၂၇ ရက်က ဘန်ကောက်မှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၊ အမေရိကန်ပြည်ထောင်စု အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး ဂျိတ်ဆူလီဗန်တို့နဲ့ တွေ့ဆုံရာမှာလည်း အကူအညီပေးရေး အစီအစဉ်ကို ထောက်ခံပေးဖို့ မစ္စတာပန်ပရီက တိုက်တွန်းခဲ့ပါသေးတယ်။ မစ္စတာပန်ပရီဟာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နဲ့ ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ဆုံမှုမှာလည်း မြန်မာနယ်စပ် အကူအညီကိစ္စတွေကို တိုက်တွန်းပြောဆိုခဲ့ပါသေးတယ်။ လူသားချင်းစာနာမှု အကူအညီပေးရေးတွေ ဖြစ်လာရင် အာဆီယံရဲ့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးနဲ့ ကပ်ဘေးစီမံခန့်ခွဲရေး ပူးပေါင်းညှိနှိုင်းရေးစင်တာ (AHA Centre) က ပါဝင်ပတ်သက်ပြီး စောင့်ကြည့်လေ့လာသွားမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီး ဆီဟာဆက်ကတော့ "လူသားချင်းစာနာမှုဆိုင်ရာ ကြိုးပမ်းချက်ဟာ ပြည်သူတွေအတွက်ပါ။ ဒါကို နိုင်ငံရေးအသွင် မလုပ်ပစ်ပါနဲ့။ တကယ်လို့ အလုပ်ဖြစ်ရင် ပိုတိုးမြှင့် ဆောင်ရွက်သွားမယ်"လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ လူသားချင်းစာနာမှု အကူအညီကတဆင့် စစ်ကောင်စီ၊ လက်နက်ကိုင်အဖွဲ့တွေနဲ့ အတိုက်အခံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)တို့နဲ့ စကား ဆက်လက်ပြောဆိုသွားနိုင်ဖို့လည်း ရည်ရွယ်ထားပါတယ်။ ဒါကြောင့် လူသားချင်းစာနာမှုဆိုင်ရာ သံတမန်ရေး (humanitarian diplomacy) လို့ ခေါ်ဝေါ်သုံးစွဲတာပါ။ တဖက်မှာ စစ်ကောင်စီကို အာဆီယံနဲ့ ထိတွေ့ဆက်ဆံဖို့ သိမ်းသွင်းမယ်၊ တဖက်မှာလည်း ဘရုပ်ဆဲ၊ အိန္ဒိယ၊ လာအို၊ ဝါရှင်တန်နဲ့ နယူးယောက် (UN) တို့ကို လမ်းဖွင့်ဆွေးနွေးသွားဖို့ကို ရည်ရွယ်ထားတာပါ။

အခုလို ကြိုးပမ်းချက်အပေါ် ဝေဖန်မှုတွေကတော့ မနည်းလှပါဘူး။ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း ကဆစ်ဖီရုမ်ယကတော့ အလုပ်မဖြစ်နိုင်ဘူး၊ ဒါဟာ မှားယွင်းတဲ့ချဉ်းကပ်မှုဖြစ်တယ်၊ စစ်ကောင်စီကို တရားဝင် စင်တင်ပေးသလိုသာ ဖြစ်စေမယ်လို့ ထောက်ပြပါတယ်။ အခုအကျပ်အတည်း နိဂုံးချုပ်စေဖို့ လမ်းစလည်း မမြင်ရစေနိုင်ပါဘူးလို့ ဆိုခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနဲ့ လခြမ်းနီအဖွဲ့များအသင်းချုပ်က "လူသားချင်းစာနာမှုဆိုင်ရာသံတမန်ရေး(humanitarian diplomacy)ဆိုတာ ဆုံးဖြတ်ချက် ချမှတ်သူတွေနဲ့ အကြံဉာဏ်ဖန်တီးနိုင်သူတွေအနေနဲ့ ထိခိုက်နစ်နာရသူတွေရဲ့ အကျိုးစီးပွားအတွက်

- အချိန်ပြည့် လုပ်ဆောင်ပေးတာဖြစ်ပြီး အခြေခံကျတဲ့ လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမှုတွေကိုလည်း အပြည့်အဝ လေးစားလိုက်နာမှုရှိရမယ်”လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့တွေရဲ့ သံတမန်ရေးကြိုးပမ်းမှု မဟာဗျူဟာကတော့ ပဋိပက္ခအတွင်း ပါဝင်ပတ်သက်နေကြတဲ့ နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို ဩဇာလွှမ်းမိုးနိုင်အောင်လုပ်ပြီး ရေရှည်တည်တံ့တဲ့ ဆက်ဆံရေးတွေကတဆင့် (နှစ်ဖွဲ့ချင်း ဒါမှမဟုတ် အဖွဲ့အစည်းတွေနဲ့ တရားဝင်ရော ပုံမှန်မဟုတ်တဲ့လမ်းကြောင်း စတာတွေနဲ့ပါ) လူသားချင်းစာနာမှုအရေးကို သီးသန့်ဆောင် ရွက်တာ ဖြစ်ပါတယ်။

ICRC လို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့အစည်းတွေက လူသားချင်းစာနာမှုအရေး အတွက် လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းပြောဆိုရမှုတွေ ရှိတတ်ပါတယ်။ ဒါပေမဲ့ ဒီလိုညှိနှိုင်းရာမှာလည်း အရပ်သားဝန်ထမ်းတွေအနေနဲ့ အကူအညီတွေကို စီမံခန့်ခွဲဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ ဖြန့်ဖြူးဖို့ကိစ္စတွေအတွက် ဖြစ်ပါတယ်။ ထိခိုက်နစ်နာဖွယ် လူထုတွေအတွက် အကူအညီပေးရေးကိစ္စတွေအပေါ် ကာကွယ်ပေးဖို့၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်သာကိုင်သာ နယ်ပယ်တခု ဖန်တီးပေးဖို့၊ နိုင်ငံတကာဥပဒေတွေကို လေးစားလိုက်နာဖို့ ပြောဆိုညှိနှိုင်းကြရပါတယ်။

အကူအညီတွေကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ဖို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေကို လက်နက်ကိုင်အုပ်စုတွေအကြားမှာ ဘက်မလိုက်ဘဲဆောင်ရွက်ဖို့နဲ့ သီးခြားလွတ်လပ်စွာ လုပ်ပိုင်ခွင့် ရရှိဖို့ လိုအပ်ပါတယ်။ ဒီလိုဖြစ်ဖို့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်ထားပြီး အသိအမှတ်ပြုခံရဖို့လည်း လိုအပ်ပါတယ်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးရဲ့ မိန့်ခွန်းမှာ မြန်မာ့ပဋိပက္ခက ရှုပ်ထွေးပွေလီလှပြီး အလှည့်အပြောင်းမှာဖြစ်ပေါ်နေတယ်၊ ကမ္ဘာ့အင်အားကြီး နိုင်ငံတွေရဲ့ အားပြိုင်ကွင်းတခု ဖြစ်လာမှာကိုလည်း စိုးရိမ်နေကြတယ်လို့ ဖော်ပြခဲ့ပါတယ်။ ထိုင်းနိုင်ငံက ဦးဆောင်တဲ့ လူသားချင်းစာနာမှု အကူအညီဟာ ဘယ်လောက် အလုပ်ဖြစ်နိုင်မလဲ၊ လူသားချင်းစာနာမှု လုပ်ငန်းကတဆင့် နိုင်ငံရေးအဖြေရှာမှုကို တက်လှမ်းနိုင်ပါ့မလားဆိုတာကို စောင့်ကြည့်သင့်ပါတယ်။ ■

ISP က ဖတ်နေသည်များ

WHAT ISP IS READING

# နယ်ခြားဒေသမှန်ပြောင်းများ - နယ်နိမိတ်စည်းများ၏ အလွှန်

ကမ္ဘာကြီးက အလျင်အမြန်ပြောင်းလဲနေသကဲ့သို့ အိန္ဒိယအရှေ့ဖျားနယ်ခြားဒေသများ၏ လုံခြုံရေးအခြေအနေကလည်း အလျင်အမြန် ပြောင်းလဲနေပါသည်။

---

ဒီတပတ် မိတ်ဆက်ဖော်ပြပေးလိုတာက စာအုပ်တအုပ်လည်းမဟုတ်၊ အစီရင်ခံစာတခု လည်း မဟုတ်ပါဘူး။ အိန္ဒိယ၊ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရဲ့ နယ်ခြားဒေသ၊ အနောက် ဘက်နယ်စပ်မျဉ်းပေါ်က ပဋိပက္ခနဲ့ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုတွေကို အင်္ဂလိပ်ဘာသာနဲ့ ဖော်ပြဆွေးနွေးနေတဲ့ ဝက်ဘ်ဆိုက်စာမျက်နှာ(https://www.borderlens.com/) တခုပဲ ဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်နဲ့ပတ်သက်လို့ လုပ်ကိုင်ဆောင်ရွက်နေကြသူတွေရဲ့ ဂွါတီးရုံး (Guwahati Workroom) နဲ့ ရှီလောင်းရုံး (Shillong Workroom) လိပ်စာတွေကို ဖော်ပြထား တာ တွေ့ရပါတယ်။

စာမျက်နှာတွေမှာ ဖော်ပြထားမှုအရ ဦးဆောင်တည်ထောင်သူဟာ စာရေးဆရာ၊ သတင်း ထောက်နဲ့ လူမှုသိပ္ပံပညာရှင် မစ္စတာဘီဟေးယက်ဒတ်စ် (Mr. Bidhayak Das) လို့ သိရပါ တယ်။ X (ယခင် တွစ်တာ) လူမှုစာမျက်နှာမှာတော့ သူ့ကို အခုဝက်ဘ်ဆိုက်ရဲ့ CEO နဲ့ အယ် ဒီတာအဖြစ် ဖော်ပြထားသလို အိန္ဒိယနိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ နိုင်ငံသားဖြစ် မှုနဲ့ နိုင်ငံမဲ့ဖြစ်ရခြင်းနဲ့ ငြိမ်းချမ်းရေးပြဿနာတွေကို လေ့လာနေတဲ့ ပညာရှင်အဖြစ် ဖော်ပြ ထားပါတယ်။

The Borderlens (နယ်ခြားဒေသမှန်ပြောင်းများ) ဝက်ဘ်ဆိုက်ကို သီးခြားလွတ်လပ်တဲ့၊ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတခုလို့ ဖော်ပြထားပြီး အရှေ့နယ်ခြားဒေသရဲ့ လူထု တွေ၊ ယဉ်ကျေးမှုတွေ၊ အသက်မွေးဝမ်းကြောင်းကိစ္စတွေ၊ ဒေသစီးပွားရေး၊ မြေကြီး၊ ဂေဟ ဗေဒ၊ မြစ်ချောင်းတွေ၊ ကုန်သွယ်ရေးနဲ့ ရောင်းဝယ်ဖောက်ကားမှုတွေ၊ လုံခြုံရေးနဲ့ ပထဝီ နိုင်ငံရေးတွေကို ဦးစားပေးဖော်ပြဖို့ ရည်ရွယ်ထားတယ်၊ ဒီနယ်ခြားဒေသက ပုံပြင်ဇာတ်လမ်း တွေကို ဖော်ပြချင်တယ်လို့ ဆိုထားပါတယ်။ အခုဝက်ဘ်ဆိုက်စာမျက်နှာမှာ ဆောင်းပါး တွေအပြင် အကြောင်းအရာ တော်တော်များများနဲ့ နောက်ဆုံးအခြေအနေအထိ တွေ့ဆုံ မေးမြန်းခန်းတွေလည်း ဖော်ပြထားတော့ အတော့်ကို သတင်းအချက်အလက် ပြည့်စုံတဲ့ နေရာဖြစ်ပါတယ်။ ဝက်ဘ်ဆိုက်အကြောင်း မိတ်ဆက်ထားရာမှာ အခု ဖော်ပြထားချက်

- တွေက နှစ်ပေါင်းများစွာ သုတေသနပြုချက်တွေ၊ ခရီးသွားလာတာတွေ၊ သတင်းထောက်ဘဝနဲ့ရော ပညာရှင်အဖြစ်နဲ့ပါ အရပ်ဘက်အဖွဲ့အစည်း၊ ရုပ်ရှင်သမား စတာတွေနဲ့ နိုင်ငံတဝန်း စူးစမ်းလေ့လာထားတာတွေ ပေါင်းစုဖော်ပြထားတာလို့ ဆိုပါတယ်။ သူ့ဝက်ဘ်ဆိုက်မှာ တောင်အာရှ၊ အရှေ့တောင်အာရှနဲ့ ကျန်ကမ္ဘာ့တိုက်တွေရဲ့ နယ်ခြားဒေသက ဓာတ်လမ်းတွေကို ဖော်ပြထားပါတယ်။ ဝက်ဘ်ဆိုက်အညွှန်းမှာ ဖော်ပြထားတာက သူတို့အနေနဲ့ လူသားတွေအကြောင်း ဦးစားပေးဖော်ပြထားပြီး နယ်ခြားဒေသ မှန်ပြောင်းများဆိုတာရဲ့ ရည်ရွယ်ချက်ကတော့ ကျနော်တို့နယ်စပ်ဒေသတွေနဲ့ ဒါတွေရဲ့အလွန် တဖက်ဒေသအကြောင်းတွေကို မတူခြားနားတဲ့ရှုထောင့်အမျိုးမျိုးက ကြည့်နိုင်ဖို့လို့ ဆိုပါတယ်။

ကမ္ဘာကြီးက အလျင်အမြန် ပြောင်းလဲနေသလိုပဲ အိန္ဒိယအရှေ့ဖျားနယ်ခြားဒေသတွေရဲ့ လုံခြုံရေး အခြေအနေကလည်း မြန်မြန်ဆန်ဆန် ပြောင်းလဲနေပါတယ်။ ပထဝီနိုင်ငံရေးအရွေ့တွေနဲ့ ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်ကပ်ဘေးကြောင့် ဖြစ်ခဲ့ရတဲ့ စိန်ခေါ်မှုပြဿနာတွေကြောင့်လည်း ရိုက်ခတ်မှုများစွာ ရှိခဲ့ပါတယ်။ ဒီအခါမှာ ပိုမိုသစ်လွင်တဲ့ နည်းနာ၊ ပိုမိုဆန်းသစ်တဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ သေတ္တာပုံးအပြင်ကို ထွက်ကြည့်သင့်ဖို့လိုပြီဆိုတာလည်း ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းဆောင်းပါးတွေကို ဖော်ပြထားရာမှာ မဏိပူရနဲ့ မီဇိုရမ်နယ်စပ်က ထူးခြားဖြစ်စဉ်တွေအပါအဝင် တလောက မြန်မာထဲကနေ ထွက်ပြေးသွားတဲ့ စစ်သားတွေကိုလာခေါ်တဲ့ မြန်မာလေယာဉ် ခါးကျိုးပျက်ယွင်းတဲ့ကိစ္စတွေ၊ ရှမ်းပြည်မြောက်ပိုင်းက တိုက်ပွဲသတင်းတွေပါ စုံစုံလင်လင် ဖော်ပြဆွေးနွေးထားပါတယ်။ ပညာရှင်တွေ၊ မြန်မာအတိုက်အခံခေါင်းဆောင်တချို့နဲ့ အင်တာဗျူး မေးမြန်းခန်းတွေကိုလည်း တွေ့ရပါတယ်။ ■

## အကြံပြု မေးမြန်းနိုင်ပါသည်

**FEEDBACK & FEEDFORWARD**

‘ISP ကပြင်ရပ်ဝန်း’ဆိုတာ လူမှုအသိုက်အဝန်းတခုလို ဖွဲ့စည်းထားတာပါ။ တကြောင်းသွား ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီက အမြင်တွေလည်း ပြန်လည်ကြားသိချင်ပါတယ်။ တုံ့ပြန်အမြင်တွေနဲ့ အကြံပြုချက်တွေကိုလည်း မျှော်လင့်ပါတယ်။ ‘ISP ကပြင်ရပ်ဝန်း’ကို ချစ်ခြင်းနဲ့ စည်ပင်မြိုင်ဆိုင်တဲ့ ရပ်ဝန်းတခု ဖြစ်စေလိုပါတယ်။

ဒါကြောင့် အကြံပေးချင်တာ၊ ထပ်သိချင်တာ၊ ပြောပြချင်တာ၊ ဆွေးနွေးချင်တာရှိရင် အခု လက်ခံရရှိတဲ့မေးလ်ကို ပြန်ပြီး ဆက်သွယ်ပြောပြလို့ရသလို၊ ‘ISP ကပြင်ရပ်ဝန်း’ဝက်ဘ်ဆိုက်စာမျက်နှာမှာလည်း မှတ်ချက်ဝင်ရေးရင်း လင်းပွင့်လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါတယ်။ ဒါ့အပြင် ဖုန်းနံပါတ် +၆၆ ၈၀ ၇၄၇ ၉၇၁၂ ကို ဆက်သွယ်ပြီး Signal, Whatsapp, Viber, Line တွေကတဆင့် လုံခြုံစိတ်ချစွာ ချိတ်ဆက်ဆွေးနွေး ပြောဆိုလို့လည်းရပါတယ်။

ISP Telegram

ISP YouTube

ISP X (Twitter)


+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.